Penis and foreskin care

# လိင်တံနှင့် လိင်တံထိပ်ငုံအရေပြားအား စောင့်ရှောက်ခြင်း

Burmese

သင့်ကလေး၏ လိင်တံနှင့်လိင်တံထိပ်ငုံအရေပြားကို သန့်ရှင်းကျန်းမာနေရန်နှင့် နီရဲခြင်း၊ နာကျင်ခြင်းနှင့် ပိုးကူးစက်ခြင်းတို့မှ ကာကွယ်ပေးရန်အတွက် ကြည့်ရှုစောင့်ရှောက်ရန် အရေးကြီးပါသည်။

လိင်တံထိပ်ငုံအရေပြားသည် လိင်တံ၏ လိင်တံထိပ် (ထိပ်) ကိုဖုံးအုပ်ထားသည့် လျော့ရဲနေသော အရေပြားဖြစ်ပါသည်။ လိင်တံထိပ်ငုံအရေပြားကို မွေးကင်းစ ကလေး အများစုတွင် နောက်ပြန်ဆွဲသွင်း၍ (လိင်တံထိပ်မှ အနောက်ဖက်သို့ဆွဲသွင်းခြင်း) မရနိုင်ပါ၊ သို့သော် အချိန်ကာလတစ်ခု၌ လိင်တံထိပ်ငုံအရေပြားမှာ လိပ်တံထိပ်နှင့် ကွာလာပြီး နောက်ဖက်သို့ ဆွဲသွင်းနိုင်ပါသည်။

အများစုသော ငယ်ရွယ်သည့်ကလေးများမှာ မကြာခဏ လိင်တံကို ကိုင်တတ်သည် သို့မဟုတ် ကစားတတ်သည်။ ၎င်းသည် သူတို့၏ ပုံမှန် ကြီးထွားဖွံ့ဖြိုးမှု အစိတ်အပိုင်း တစ်ရပ်ဖြစ်ပြီး သူတို့၏ ကိုယ်ခန္ဓာကို ဤသို့ လေ့လာပါသည်။ လိင်တံထိပ်ငုံအရေပြားကို နောက်ဖက်ဆွဲသွင်း နိုင်သည်နှင့်တစ်ပြိုင်နက် သင့်ကလေးသည် ၎င်းကို သူတို့ဖာသာသူတို့ အလိုလိုသိပါလိမ့်မည်။

ထိပ်ငုံအရေပြားဖြတ်ထားသည့်ကလေးများမှာ သူတို့၏ ထိပ်ငုံအရေပြားကို ခွဲစိတ်ကုသမှုလုပ်ထုံးနည်းအရ ဖယ်ရှားထားခဲ့ပြီးဖြစ်ပါသည်။

## လိင်တံထိပ်ငုံ အရေပြား ကွာလာခြင်း

လိင်တံထိပ်ငုံအရေပြားသည် များစွာသော အသက် တစ်-နှစ်အရွယ်ကလေးများ၌ ကွာလာမည်ဖြစ်ပြီး 90 ရာခိုင်နှုန်းသော လေး-နှစ်အရွယ် ယောကျ်ားလေးများတွင် လိင်ထိပ်ငုံအရေပြား ကွာလာပါမည်။ သို့သော်လည်း အချို့ကလေးများတွင် ကွာလာခြင်းမှာ အရွယ်ရောက်လာ သည့်တိုင် ဖြစ်မလာနိုင်ပါ။ ၎င်းသည် ပုံမှန် ဖြစ်ပါသည်။ ရှားရှားပါးပါးဖြစ်သည့် ဖီမိုးဆစ် (phimosis) ဟုခေါ်သော ရောဂါ အခြေအနေမျိုး၌ လိင်တံထိပ်ငုံအရေပြားမှာ မည်သည့်အခါမျှ နောက်ဖက်ဆွဲသွင်း၍ မရပါ။

လိင်တံနှင့် လိင်တံထိပ်ငုံအရေပြားမှာ သဘာဝအလျောက် ကွာလာသဖြင့် သေးပေါက်သည့်အခါ (ကျင်ငယ်စွန့်) များသောအားဖြင့် နီရဲမှု သို့မဟုတ် နာကျင်မှု ရှိတတ်ပါသည်။ ၎င်းမှာ ပုံမှန်ဖြစ်ပြီး သာမန်အားဖြင့် တစ်ရက်မှ နှစ်ရက်ကြာပြီးနောက် ပိုကောင်းလာပါသည်။ ကွာလာစဉ် အနည်းငယ်သော အဖြူ/အဝါ ဖောင်းပွပွ (ဒိန်ခဲဆန်ဆန်အရည်) အရည်စုစည်းလာနိုင်သည်။ ဒိန်ခဲဆန်ဆန်အရည်သည် ပုံမှန်ဖြစ်ပြီး စိုးရိမ်စရာမလိုပါ။

## အိမ်၌ စောင့်ရှောက်မှု

- သင့်ကလေး၏ လိင်တံထိပ်ငုံအရေပြားကို သန့်ရှင်းပေးရန်အတွက် အတင်း ဆွဲလှန်မပေးပါနှင့်။ ငယ်ရွယ်သော ကလေးများတွင် လိင်တံထိပ်ငုံအရေပြား အတွင်း သန့်ရှင်းပေးရန် မလိုအပ်ပါ။ လိင်တံထိပ်ငုံအရေပြားကို အတင်းဆွဲလှန်ပေးခြင်းသည် အနာရွတ်ဖြစ်စေနိုင်ပြီး အနာဂတ်၌ ပြဿနာများဖြစ်နိုင်သည်။
- လိင်တံထိပ်ငုံအရေပြားမှာ လွယ်ကူစွာ နောက်ဖက်ဆွဲသွင်းနိုင်သည့်အခါ သင့်ကလေးသည် ရေဇလားဖြင့်ရေချိုးရာ၌ သို့မဟုတ် ရေပန်းဖြင့်ရေချိုးရာ၌ ပုံမှန် သန့်ရှင်းပေးရန် ဤသို့ဆွဲလှန်သည်ကို လေ့လာထားသင့်သည်။ လိင်တံကို အခြားသော ကိုယ်ခန္ဓာ အစိတ်အပိုင်း နည်းတူ သန့်ရှင်းပေးသင့်ပါသည်။ သင့်ကလေးသည် ဆပ်ပြာမြှုပ်များကို ဆေးကြောပစ်ကြောင်းနှင့် လိင်တံထိပ်ငုံအရေပြားကိုဆွဲ၍ လိင်ထိပ်အား ပြန်ဖုံးအုပ်ပေးရန် သေချာစေပါ။
- သင့်ကလေးသည် သေးပေါက်ပြီးနောက် လိင်တံထိပ်ကို လိင်တံထိပ်ငုံအရေပြားဖြင့် အမြဲတမ်း ပြန်ဖုံးအုပ်ပေးသင့်သည်။
- လိင်တံကို သို့မဟုတ် လိင်တံထိပ်ငုံအရေပြားကို ပိုးသတ်ဆေး လိမ်းဆေး သို့မဟုတ် ကိုယ်လိမ်းဆေး (ဆရာဝန်က ညွှန်ကြားသည် မဟုတ်လျှင် ) မလိမ်းပါနှင့်။

သေးခံမှုဖြစ်သည့် အဖုသည် သင့်ကလေး၏ လိင်တံကို နီရဲမှုနှင့် နာကျင်မှု ဖြစ်စေနိုင်သည်။ သေးခံမှုဖြစ်သည့် အဖုကို တားဆီးရန် စိုနေသော သို့မဟုတ် ညစ်ပတ်နေသော သေးခံများကို သင် ချက်ချင်း လဲပေးကြောင်း သေချာစေပါ။

- သင့်ကလေးအား သေးခံမဝတ်ပေးဘဲ ခဏတစ်ဖြုတ် ထားပေးရန် ကြိုးစားကြည့်ပါ။ လေကောင်းလေသန့်သည် သေးခံအဖုကို တားဆီးရန် အထောက်အကူ ပေးလိမ့်မည်ဖြစ်ပြီး သေးခံအဖု ပိုမိုသက်သာလာအောင် အထောက်အကူပေးသည်။
- နီရဲမှု သို့မဟုတ် နာနေသည့်အရေပြားကို ရေနွေးရေဇလားထဲ ရေစိမ်နေခြင်းသည် သက်သာစေသည်။ ယင်းနောက် အသေအချာ ခြောက်အောင်သုတ်ပါ။
- သေးခံ လဲပေးပြီးတိုင်း ကာကွယ်လိမ်းဆေး သို့မဟုတ် သေးခံအဖု လိမ်းဆေး လိမ်းပေးပါ၊ လိင်တံထိပ်ကိုလည်းလိမ်းပေးပါ၊ သေးခံသုတ်စရာများဖြင့် လိင်တံထိပ်အား သုတ်မိမည်ကို ရှောင်ကြဉ်ပါ။

## ဆရာဝန်ကို မည်သည့်အချိန်၌ တွေ့ရန်

သင့်ကလေးအား အကယ်၍ အောက်ပါတို့ဖြစ်လျှင် ဆရာဝန်ထံ ခေါ်သွားပါ-

- လိင်တံသည် နီရဲပြီး ရောင်နေလျှင်
- သင့်ကလေးသည် သေးပေါက်သည့်အခါ ကသိကအောင့်ဖြစ်နေပုံရလျှင်
- သင့်ကလေးတွင် အခြားရောဂါလက္ခဏာများနှင့်အတူ အဖျားတက်လျှင်
- လိင်တံမှ အရည်ထွက်လျှင် သို့မဟုတ် ပြည်ထွက်လျှင်
- သင့်ကလေး၏ လိင်တံထိပ်ဖုံးအရေပြားသည် သေးပေါက်သည့်အခါ ပူဖောင်းဖြစ်လာလျှင်

**အကယ်၍ လိင်တံထိပ်ဖုံးအရေပြားမှာ ကွာလာပြီး တွဲကပ်ကာ ဆွဲသွင်းမရလျှင် သင့်ဆရာဝန် သို့မဟုတ် ဆေးရုံမှ အရေးပေါ် ဆေးကုသမှုကို ခံယူပါ။** ၎င်းကို ပါရာဖီမောဆစ် (paraphimosis) ဟုခေါ်ပြီး အရေးပေါ် ဆေးကုသမှုလိုအပ်သည်။

## သတိရရန် အဓိက အချက်များ

- သင့်ကလေး၏ လိင်တံထိပ်ဖုံးအရေးပြားကို မည်သည့်အခါမျှ သန့်ရှင်းပေးရန် အတင်းဆွဲမလှန်ပါနှင့်။
- လိင်တံကို အခြား ကိုယ်ခန္ဓာအစိတ်အပိုင်းနည်းတူ သန့်ရှင်းပေးရသည်ဖြစ်ပြီး ဆပ်ပြာမြှုပ်ကို စင်အောင် ဆေးကြောပစ်ရသည်။ သင့်ကလေးအား သူတို့၏ ပုံမှန် သန့်ရှင်းဆေးကြောမှု၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် ဤသို့လုပ်ရန် သင်ကြားပေးပါ။
- စိုနေသော သို့မဟုတ် ညစ်ပတ်နေသော သေးခံများကို သင် ချက်ချင်း လဲပေးရန် သေချာစေပါ။
- **အကယ်၍ လိင်တံထိပ်ဖုံးအရေပြားမှာ ကွာလာပြီး တွဲကပ်ကာ ဆွဲသွင်းမရလျှင် သင့်ဆရာဝန် သို့မဟုတ် ဆေးရုံမှ အရေးပေါ် ဆေးကုသမှုကို ခံယူပါ။**

## ပိုမိုသော အချက်အလက်များ အတွက်

- သင့် ဆရာဝန် သို့မဟုတ် မိခင်နှင့်ကလေး ကျန်းမာရေး သူနာပြုနှင့် တွေ့ပါ။

VICTORIA State Government

Royal Children's Hospital မှ Victorian State Government rch.org.au/kidsinfo ၏ အထောက်အပံ့ဖြင့် ထုတ်လုပ်သည်။

**ပြန်လည်သုံးသပ်ပြီး 2018**

Kids Health Info ကို The Royal Children's Hospital Foundation မှ အထောက်အကူပြုထားသည်။ အလှူငွေထည့်ရန် rchfoundation.org.au တွင်ကြည့်ပါ

တာဝန်မယူခြင်းဆိုချက်

ဤအချက်အလက်များကို သင့်ဆရာဝန် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှု အတတ်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်မှုအား အစားမထိုးသင့်ပါ။ RCH သည် ဤအချက်အလက်များကို ထုတ်ဝေချိန်၌ အတိအကျဖြစ်ကြောင်း သေချာစေရန် အမျိုးမျိုး အားထုတ်၍ လုပ်ထားသည်။ RCH သည် မှားယွင်းမှု တစ်ခုခု၊ နားလည်မှုလွဲမှားမှုတစ်ခုခု သို့မဟုတ် ဤလက်ကမ်းစာစောင်ပါ ကုသမှုတစ်ခုခု၏ အောင်မြင်မှု တို့အတွက် တာဝန်မယူပါ။ ဤအချက်အလက်များကို ပုံမှန် ပြင်ဆင်ရေးသား ထားသည်။ သင့်တွင် နောက်ဆုံးထုတ်ဝေချက်ရှိကြောင်း အမြဲတမ်း စိစစ်ပြီး သေချာအောင်လုပ်ပါ။